KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဖွန်လိုင်လ ၇ရက်, ၂၀၁၅/KHRG စာအမှတ်-15-7-NB1

# နယ်ခြားစောင့်တပ်မှ ကျူးလွန်ခဲ့သော အကြမ်းဖက်ချိုးဖောက်မှုနှင့်သတ်ဖြတ်ခြင်း ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ ၂၀၁၅ ခုနှစ် မတ်လမှမေလ အထိ

ဒီသတင်းအကျဉ်းချုပ်သည် ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၌ ဖြစ်ပွားသော သတ်ဖြတ်ခြင်း၊ အကြမ်းဖက်ချိုးဖောက်မှု၊ လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်ခြင်း နှင့် လက်တလောဖြစ်ပွားခဲ့သော နယ်ခြားစောင့်တပ် (BGF) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့အကြားရှိ တိုက်ပွဲ အပါအဝင် နောက်ဆက်တွဲများပြားလာသော နယ်ခြားစောင့်တပ်၏ ဒေသတွင်း လှုပ်ရှားမှုများနှင့် ဆိုင်သည့် အဖြစ်အပျက်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ပထမဖြစ်ရပ်တွင် ညအချိန်ခရီးထွက်နေစဉ် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၃ မှ ပစ်သတ်ခြင်းခံခဲ့ရသော ရွာသားတစ်ယောက်၏ အကြောင်း ပါဝင်ပါသည်။ ဒုတိယဖြစ်ရပ်မှာ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ ၏ ဒုဗိုလ် ဗိုလ်သာဘဲမှ ရွာသားတစ်ဦးအား သတိမေ့သွားသည်အထိ ရိုက်နှက်သော အဖြစ်အပျက်ဖြစ်ပါသည်။ ထိုရွာသားသည် ကရင်လွတ်မြောက်ရေးတပ်မတော် (KNLA) နှင့်ဆက်သွယ်မှုရှိပြီး အထောက်အပံ့ပေးသည်ဟူ၍ စွပ်စွဲခံခဲ့ရသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) မှလက်ရှိ နယ်ခြားစောင့် တပ်၏ လုပ်ဆောင်မှုများကို တုံ့ပြန်ရန်အတွက် ရွာသူရွာသားများ၏ ကန့်သတ်နယ်မြေအတွင်း နယ်ခြားစောင့်တပ်ကို စောင့်ဖမ်းရန် ရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်ကို တင်းကြပ်ခဲ့သည်။[1]

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံအဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှုကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသော အကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

မတ်လ ၁၀ ရက်နေ့ ၂၀၁၅ မှစ၍ ထီးသဒေါထာ နှင့် မယ်ပရီး ကျေးရွာအုပ်စုရှိ နယ်ခြားစောင့်တပ်များ သည် ထိုဒေသတလျှောက်တွင် လွန်စွာတက်ကြွလှုပ်ရှားနေလျက်ရှိသည်။ ဤကဲ့သို့၎င်းတို့၏ လှုပ်ရှားမှုများ တိုးပွား လာခြင်းကြောင့် ဧပြီလ ၂၂ ရက်မှ ၂၆ရက်နေ့အထိ နယ်ခြားစောင့်တပ် နှင့် ကရင်လွတ်မြောက်ရေးတပ်တို့ အ ကြားတိုက်ပွဲငယ်များသည် ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်ရှိ ကျေးရွာအုပ်စုနှစ်စု အကြားတွင် ဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့တိုက်ပွဲငယ်များ စတင်ဖြစ်ပွားသည့် အချိန်မှစတင်၍ ရွာအုပ်စု နှစ်စုတွင်းရှိ ရွာသားများအား နံနက် ၆ နာရီမတိုင်ခင်နှင့် ညနေ ၆ နာရီနောက်ပိုင်း အပြင်မထွက်ရ ဟူ၍ နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၄မှ စစ်သားများက အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ဤသို့ပြု လုပ်လိုက်ခြင်းသည် ရွာသားများ၏ အသက်မွေးဝမ်းကြောင်း များအတွက် အခက်အခဲဖြစ်စေပါသည်။ ဥပမာ ၎င်းတို့၏ ကျွဲများကို ကြည့်ရှုစောင့်ရှောက်ရန်အတွက် နှင့် ၎င်း တို့၏ ယာခင်းထဲသို့ သွားရောက် လုပ်ကိုင်ရန်အတွက် အခက်အခဲ ဖြစ်စေပါသည်။ ထိုဒေသတွင် အခြေအနေ သည်တင်းမာလျက်ရှိပါ သည်။

မတ်လ ၁၅ရက် ၂၀၁၅ခုနှစ်တွင် မ---ကျေးရွာ ထီးသဒေါထာ ကျေးရွာအုပ်စုအတွင်း ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင် တွင် နေထိုင်သော စော အ----- ခေါ် စော ခ--- သည် နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၁၃ မှ ဒုဗိုလ် ဖားယူခေး ၏လက်အောက်ခံတပ်ဖွဲ့မှ တပ်သားတစ်ဦး၏ ပစ်ခတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။ နယ်ခြား စောင့်တပ် တပ်ရင်းအမှတ် ၁၀၁၃ ၏ဗိုလ်မှာ မောင်လှကြိုင်ဖြစ်ပြီး ၎င်းတို့၏ တပ်သည် ဖာပွန်ခရိုင်၊ ဘူးသိုမြို့ နယ်၊ နိဖောထီးကျေးရွာအုပ်စု၊ နိဖောထီးကျေးရွာတွင် အခြေစိုက်လျက်ရှိသည်။ နယ်ခြားစောင့်တပ်မှ အရာရှိ များက ဒေသခံရွာသားများကို ၎င်းတို့အနေနှင့် ညအချိန်ဖြစ်နေသည့်အတွက် စော အ--- အား ကရင်လွတ် မြောက်ရေးတပ်(KNLA) မှ စစ်သားထင်မှတ်၍ မတော်တဆ ပစ်သတ်မိခြင်းဖြစ်သည် ပြောဆိုခဲ့ပါသည်။ စော အ--- ကို ဘားအံမြို့နယ်ရှိ ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သော်လည်း ဒဏ်ရာပြင်းထန်သည့်အတွက် မတ်လ ၁၆ ရက် နံနက် ၇ နာရီနှင့်၈ နာရီ ဝန်းကျင်ခန့်တွင် သေဆုံးသွားခဲ့ပါသည်။

ထို့အပြင် ဧပြီလ ၂၆ ရက်၂၀၁၅ခုနှစ်တွင် အသက် ၄၂ နှစ်အရွယ် မောင် ဒ---- အမည်ရှိသော ရွာသားသည် နယ်ခြားစောင့်တပ် တပ်ရင်း ၁၀၁၄ မှ ဒုတိယအရာရှိဗိုလ် ဖားသာဘဲ၏ ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ နယ်ခြားစောင့်၏ တပ်ရင်းအမှတ် ၁၀၁၄ မှ တပ်ရင်းမှူးဗိုလ် မောင်ချစ်နှင့် ၎င်း၏စစ်သားများသည် ဖာပွန်ခရိုင် ဘူးသိုမြို့နယ် မယ်ဆေးကျေးရွာတွင် အခြေချလျက်ရှိပါသည်။ နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၁၄မှ ဒုဗိုလ် စောသာဘဲ၏ စစ်သားများ နှင့် ၎င်းဒေသတွင်းရှိ ကရင်လွတ်မြောက်ရေးတပ်(KNLA) စစ်သားတို့အကြား ဧပြီလ ၂၃ ရက်နှင့် ၂၄ရက်တွင် တိုက်ပွဲငယ်များဖြစ်ပွားလျက် ရှိကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ သုတေသနပြုသူထံမှ သိရပါသည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် ဒုဗိုလ်စောသာဘဲမှ မောင် ဒ---ကို ဖမ်းဆီးပြီး မောင် ဒ---သည် ကရင်လွတ်မြောက်ရေးတပ်တို့နှင့် အဆက်အသွယ်ပြုလုပ်ပြီး အထောက်အပံ့များပေးသည်ဟု စွပ်စွဲခဲ့ပြီး သတိမေ့မြောလဲကျသွားသည်အထိ ရိုက်နှက် ကန်ကျောက်ခဲ့သည်။

**ဖာပွန်ခရိုင် ဘူးသိုမြို့နယ် အတွင်း ကရင်လွတ်မြောက်ရေးတပ်မတော်နှင့် နယ်ခြားစောင့်တပ် တို့အကြားဖြစ်ပွား သော ပဋိပက္ခများအကြောင်း တင်ပြချက်**

**ကတိုင်တိကျေးရွာအုပ်စုအတွင်း အစိုးရတပ်များ၏ လှုပ်ရှားမှုများ**

မေလ ၁၁ ရက်နေ့ ၂၀၁၅ခုနှစ်တွင် နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၃ မှ ဖာပွန်ခရိုင် ဘူးသိုမြို့နယ် ရှိ စ---၊ ဟ---၊ မ--- နှင့် န--- ကျေးရွာများမှ ရွာလူကြီးများအား အစည်းအဝေးခေါ်ယူခဲ့သည်။ ထိုအစည်းအဝေး တွင် ၎င်းတို့ အနေနှင့် ဤရွာလေးရွာအတွင်း စစ်ရေးလုပ်ဆောင်မှုများ ပြုလုပ်လိုကြောင်း ပြောကြားပါသည်။

ကရင်လွတ်မြောက်ရေးတပ်မတော် (KNLA) ကို တိုက်ခိုက်ရန် ရည်ရွယ်ခြင်း မဟုတ်သည့်အတွက် ဥပမာ ကရင်လွတ်မြောက်ရေးတပ် (KNLA) ထံမှ ခြိမ်းခြောက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်း စသည့် မည်သည့်နှောင့်ယှက်မှုမျိုး ကိုမှလည်း မလိုလားပါ။ အကယ်၍ နယ်ခြားစောင့်တပ်၏ လူများ၊ အရာရှိများသည် ရွာသူ ရွာသားများကို ခြိမ်းခြောက်ခြင်းဖြစ်စေ၊ အနိုင်ကျင့်ခြင်း သို့မဟုတ် လုယက်ခြင်းများ ပြုလုပ်ခဲ့သော် ရွာသားများအနေနှင့် သက်ဆိုင်သည့် နယ်ခြားစောင့်တပ်ကို ကွတ်ကဲအုပ်ချုပ်ရသော အရာရှိ ဗိုလ်များထံသို့ တိုင်ကြားစာများ ပေးပို့နိုင်သည်။ နယ်ခြားစောင့်တပ်မှလည်း ရွာလူကြီးများကို အကယ်၍ ၎င်းတို့ စစ်ရေးလှုပ်ရှားမှု ပြုလုပ်နေစဉ် အတောအတွင်းတွင် ကရင်လွတ်မြောက်ရေးတပ် (KNLA)မှ ကင်းလှည့်လာခြင်းကို တွေ့ရှိခဲ့သော် အကြောင်းကြားရမည်ဟု သတိပေးခဲ့သည်။

အစည်းအဝေးတွင် တပ်ရင်းမှူး မောင်ချစ်မှ "ကျွန်တော်တို့ DKBA ကနေ နယ်ခြားစောင့်တပ်ကို အသွင်ကူးပြောင်းပြီးတဲ့ အချိန်ကစပြီး ကျွန်တော်တို့ အနေနဲ့ ဘယ်နေရာကိုမှ သွားလာခြင်း မရှိခဲ့သလို ဘာတာဝန်မှ ထမ်းဆောင်ခြင်းမရှိခဲ့ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်စိတ်ကျေနပ်ဖို့အတွက် ဖာပွန် ကနေ ကမမောင်းကို သွားတဲ့ လမ်းတလျှောက်မှာ လမ်းတစ်ဖက်တစ်ချက်စီတိုင်းမှာ စစ်ရေးလှုပ်ရှားမှု ပြုလုပ်မှာဖြစ်တယ်" ၎င်းဆက်လက် ပြောကြားသည်မှာ "ကျွန်တော်တို့ခြေထောက်နဲ့လာခဲ့တာ ခြေထောက်နဲ့ဘဲ ပြန်သွားချင်တယ်" ဟုပြောကြားခဲ့သည်။ အဓိပ္ပာယ်မှာ ထိုစစ်ရေးလုပ်ဆောင်ချက်များ ပြီးဆုံးသည့်အချိန်တွင်  ထိခိုက်ဒဏ်ရာများနှင့် မပြန်လိုသည့်အတွက် တိုက်ခိုက်မှုများ မဖြစ်ချင်ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ၎င်းတို့အနေနှင့် ရွာသူကြီးများကို ၎င်းတို့ စစ်ရေးလှုပ်ရှားမှု ပြုလုပ်မည့်အချိန်၊ တပ်ရင်းအမှတ် နှင့် စစ်သားအင်အား မည်မျှကို စစ်ရေးလေ့ကျင့်မှုအတွင်းတွင် အသုံးပြုမည်ကို အသိပေးအကြောင်းကြားခြင်းမျိုး မရှိခဲ့ပါ။

**ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်ကို တင်းကြပ်ခြင်း**

၂၀၁၅ခုနှစ် မေလ ၁၂ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကတိုင်တိ ကျေးရွာအုပ်စုမှ ရွာသူကြီးများကို ခေါ်ယူကာ ဤသို့ သတိပေးခဲ့ပါသည်။

(၁) နယ်ခြားစောင့်တပ်(BGF)မှ မည်သည့်ကျေးရွာဒေသတွင်မဆို လာ၍ စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လာခဲ့သော် ရွာသားများအနေနှင့် ၎င်းတို့၏အိမ်များတွင် နယ်ခြားစောင့်တပ်(BGF) ကိုတည်းခိုခွင့် မပြုရပါ။

(၂) ရွာသားများသည် ၎င်းတို့၏ ယာခင်း နှင့် အလုပ်လုပ်သည့်နေရာများသို့  သွားသည့်အခါတွင် လူသွားလမ်းမတွင်သာ လျှောက်ရမည်။

(၃) ရွာသားများသည် ရေရှိသည့် မည်သည့် တောင်ကုန်းများ၊ ချိုင့်ဝှမ်းဒေသများသို့ မသွားရပါ။

ဝ---ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးဘ-----ကို မေလ ၁၇ရက် ၂၀၁၅ခုနှစ် တွင် မေးမြန်းထားချက်အရ ၎င်းပြောကြားသည်မှာ "ကျွန်တော်တို့ဟာ ယခုလက်ရှိအခြေအနေကို စိုးရိမ်ပူပန်ပါတယ်။ နောက်ဆက်တွဲ ဆိုးကျိုးခံစားရမည့်သူတွေက ရွာသားတွေပဲ ဖြစ်တယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းက ကရင်အမျိုးသားအစည်းအရုံး (KNU) က စ---၊ ဟ---၊ မ--- နဲ့ န--- ကျေးရွာတွေက ရွာသူကြီးတွေကို အစည်းဝေးခေါ်ပြီး နေရာဟောင်းတွေ အဓိကအားဖြင့် တောင်ကုန်းနဲ့ ချိုင့်ဝှမ်းတွေ သို့မဟုတ် ရေရှိတဲ့နေရာတွေကို မသွားဖို့ သတိပေးအကြောင်းကြားခဲ့တယ်။ တကယ်လို့ ရွာသားများက သူတို့ရဲ့ အလုပ်နေရာတွေကို သွားချင်ရင် သူတို့တတွေ မြေမြှုပ်မိုင်းထောင်နေကြ နေရာဒေသဟောင်းတွေဖြစ်တဲ့ တောင်ကုန်းနဲ့ ချိုင့်ဝှမ်းတွေဘက်က မသွားဘဲ သုံးနေကျလမ်းကြောင်းကို အသုံးပြုရတယ်။ ကရင်အမျိုးသားအစည်းအရုံး (KNU) ကနေ ရွာသားတွေကို သူတို့

မြေမြှုပ်မိုင်းများကိုမချရသေးပါဘူး။ ဒါပေမယ့် တကယ်လို့ နယ်ခြားစောင့်တပ် (BGF) ကနေ စစ်ရေးလုပ်ဆောင်မှုတွေပြုလုပ်လာရင် တပ်ရင်းတွေ ကင်းလှည့်လာရင် ၎င်းတို့အနေနဲ့ မြေမြှုပ်မိုင်းတွေ တကယ်ချမယ်လို့ အကြောင်းကြားခဲ့ပါတယ်။”

ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ရွာသားများသွားလာရာတွင် ရွာ၏အနောက်ဘက်အဆုံးမှစ၍ (၁.၄ ကီလိုမီတာ သို့မဟုတ် ၁.၂၅၁ မိုင်) ၂ဖာလုံအတွင်းသာ သွားလာရန် ပိတ်ပင်တားဆီးခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သုတေသနပြုစုသူထံမှ ရရှိသောသတင်းအရ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ထီးသဒေါထာ နှင့် မယ်ပရီး ကျေးရွာအုပ်စုများရှိ ရွာသားများသည် ၂၀၁၅ မတ်လ မှ မေလအတွင်း ဖြစ်ပွားခဲ့သော (KNLA)နှင့် (BGF) တို့အကြား တင်းမာမှု ကာလ မတိုင်ခင်ကကဲ့သို့ တစ်ရွာမှ အခြားတစ်ရွာသို့ ယခင်လို လွတ်လပ်စွာ သွားလာနိုင်ခြင်း မရှိတော့ပါ။ အကယ်၍ သွားခဲ့သော် ကြောက်ရွံ့စွာ သွားလာရသည်။

## Mu Traw (Hpapun) District




Karen Human Rights Group (KHRG)